ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသောသူရဲကောင်း များကိုသစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အတွက်ငါတို့၏ အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁၈/၂၀၂၂)

အမှတ်စဉ် (၁၈/၂၀၂၂) http://www.nugmyanmar.org ၂၀၂၂ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ ရိုဟင်ဂျာလူမျိုးများ အိမ်ပြန်နိုင်ရေး နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လက်တွေ့ကျသည့် ထောက်ပံ့မှုများနှင့် ပူးပေါင်းဆောင်ရွက်ရန် NUG တိုက်တွန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
https://nugmyanmar.org
ကြေညာချက်အမှတ်(၂၀/၂၀၂၂)
၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

၂၀၁၇ ရိုဟင်ဂျာပြည်သူများအား ရက်စက်ကြမ်းကြုတ်စွာ ပြုမူခဲ့သော ရာဇဝတ်မှုများ၏ ပဉ္စမနှစ်ပတ်လည်နေ့ ကြေညာချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသား ညီညွတ်ရေး အစိုးရသည် ၂၀၁၇ ခုနှစ်တွင် စစ်တပ်မှ ရိုဟင်ဂျာပြည်သူများအား ရက်စက်ကြမ်းကြုတ်စွာ ပြုမူခဲ့သော ရာဇဝတ်မှုများ၏ ပဉ္စမနှစ်ပတ် လည်နေ့ ကို ဝမ်းနည်းမှုများစွာဖြင့် အထိမ်းအမှတ်ပြုပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရသည် ရိုဟင်ဂျာပြည်သူများ၊ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများ၊ ရိုဟင်ဂျာလူမျိုးများ အိမ်ပြန်နိုင်ရေးအတွက် ကောင်းမွန်သင့်တော်သော အခြေအနေများ ဖန်တီးရန် ကြိုးစားနေကြောင်း ထပ်မံကတိပြုပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတရားရုံး ၊ အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရုံးနှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုအခွင့်အာဏာနှင့်အတူ ရိုဟင်ဂျာများ တရားမျှတမှု ရရှိနိုင်ရန်နှင့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုကျူးလွန်သူများကို ပြင်းပြင်းထန်ထန် အပြစ်ပေးနိုင်ရန် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ကုလသမဂ္ဂတို့နှင့်အတူ အစဉ်တစ်စိုက် ကြိုးပမ်းလုပ်ဆောင်လျက် ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့ အစည်းများအနေဖြင့် လက်တွေ့ကျသည့်ထောက်ပံ့မှုများ နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် အမျိုးသားညီညွတ်ရေးအစိုးရက တိုက်တွန်းကြောင်း ၂၀၁၇ ရိုဟင်ဂျာပြည်သူများအား

စာမျက်နှာ (၂) သို့

စာမျက်နှာ (၁) မှ

ရက်စက်ကြမ်းကြုတ်စွာ ပြုမူခဲ့သော ရာဇဝတ်မှုများ၏ ပဥ္စမနှစ်ပတ်လည်နေ့ ကြေညာချက်တွင် ဖော်ပြထားသည်။ တန်းတူညီမျှမှုနှင့် ပတ်သတ်၍ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ ပြည်သူများအပေါ် မူဝါဒသဘောထားတွင် ဖေါ်ပြ ထားသော ကတိကဝတ်များအတိုင်းလုပ်ဆောင်လျှက်ရှိကြောင်းနိုင်ငံသားအခွင့်အရေးများ၊ခွဲခြားဆက်ဆံမှုမရှိခြင်း၊တန်းတူညီမျှမှုရရှိခြင်း၊ အမုန်းစကားများကို တိုက်ဖျက်ခြင်း စသည်တို့ကို ဦးစားပေးသည့် ကျယ်ပြန့်သောဥပဒေနှင့် မူဝါဒပြုပြင်ပြောင်းလဲမှုများကို ရိုဟင်ဂျာနှင့် အခြားလူနည်းစု အဖွဲ့အစည်းများ နှင့် တိုင်ပင်ဆွေးနွေးပြီး ဆောင်ရွက်လျှက်ကြောင်း၊ ယခုကိစ္စအားအောင်မြင်စွာ အကောင်အထည်ဖေါ်နိုင်ရန်မှာ ဒီမိုကရေစီစနစ် တည်တံ့ခိုင်မြဲမှု ၊ ရက်စက်ကြမ်းကြုတ်မှုများအဆုံးသတ် နိုင်မှု နှင့် အကြမ်းဖက် စစ်တပ်အား အနိုင်ယူနိုင်မှုတို့ အပေါ်မူတည်နေကြောင်း ဖော်ပြထားသည်။ https://bit.ly/3CwOPZD

ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီ

၂။ အခွန်ထမ်းပြည်သူများ ဝန်မပိစေရေးဆောင်ရွက်ကြရန် NUG ပြည်ထောင်စုဝန်ကြီးချုပ် တိုက်တွန်း

မြေပြင်တွင် ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်မှုများကို ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဖြေရှင်းကြရန် လိုအပ်ပြီး အထူးသဖြင့် ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာန များမှ အဓိကပူးပေါင်းဆောင်ရွက်မှုများ နီးနီးကပ်ကပ်လုပ် ဆောင်ရန်၊ လာမည့် တစ်နှစ်တာကာလသည် အားကုန် ထည့်ပြီးရုန်းကန်ကြရမည်ဖြစ်ပြီး အလားတူမဟာမိတ် အဖွဲ့အစည်းများနှင့်လည်း ကဏ္ဍအလိုက် ဆွေးနွေးပူးပေါင်း ဆောင်ရွက်နိုင်မှုများကိုလည်း တိုးမြှင့်လုပ်ဆောင်ကြရန်နှင့် အခွန်ကောက်ခံမှုအပိုင်းတွင်လည်း ပြည်သူများ ဝန်မပိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဩဂုတ် ၂၅ ရက်တွင်ပြုလုပ်သည့် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေး၌ တိုက်တွန်းပြောကြားခဲ့သည်။

https://bit.ly/3TjdTsV



ကာကွယ်ရေးဝန်ကြီးဌာန

၃။ ပျောက်ကြားစစ်မှ တန်ပြန်ထိုးစစ်ဆင်နိုင်ရေး မဟာမိတ်များနှင့် အတူတကွကြိုးစားနေကြောင်း ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်ပြောကြား

PDF နှင့် မဟာမိတ်များသည် ရန်သူစစ်ကြောင်းများကို အထိနာအောင်ချေမှုန်းနိုင်ရုံသာမက အရာရှိများအပါအဝင် သုံ့ပန်းများ လက်ရဖမ်းဆီးနိုင်ခြင်း၊ စစ်လက်နက်ပစ္စည်းများသိမ်းပိုက်နိုင်ခြင်းများ ရှိလာသည့်အပြင် စနစ်တကျလေ့ကျင့်၊ စုဖွဲ့၊ ကွပ်ကဲ၊ တပ်ဆင်ထားသည့် တပ်ရင်းတပ်ဖွဲ့များနှင့် PDF များသည် ကျွမ်းကျင်အဆင့် တပ်မတော်တစ်ရပ်အနေဖြင့် ပုံပေါ်လာပြီဖြစ်ကြောင်း၊ LDF များအပါအဝင် တော်လှန်ရေးအင်အားစုအားလုံး ဒေသအလိုက်စုစည်းမှု၊ ကွပ်ကဲမှု ပိုမိုအားကောင်းလာစေရန်လည်း အားစိုက်လုပ်ဆောင်လျက်ရှိကြောင်း၊ ကိုယ့်နယ်မြေထဲဝင်ရောက်လာသည့် အကြမ်းဖက်စစ်တပ်အား ဗျူဟာမြောက်ချေမှုန်းနိုင်ဖို့အတွက် စနစ်တကျ ပြင်ဆင်လုပ်ဆောင်နေကြကြောင်းကို

စာမျက်နှာ (၃) သို့

စာမျက်နှာ (၂) မှ

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရည်မွန်က ဩဂုတ် ၂၄ ရက်တွင် လူမှုကွန်ရက်စာမျက်နှာ၌ ဖော်ပြခဲ့သည်။

https://bit.ly/3QWRjoj

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၄။ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းအား အသိအမှတ်မပြုကြောင်း NUG ထုတ်ပြန်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် စစ်ကောင်စီ လက်အောက်ခံ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်း၍ ကျောက်မျက်ရတနာပြပွဲများ ကျင်းပပြုလုပ်ခြင်း၊ စီမံကိန်းများရေးဆွဲရာတွင် ပါဝင်ခြင်း စသည့်ကိစ္စရပ်များ လုပ်ဆောင်နေသည့်အပြင် မြန်မာနိုင်ငံကျောက်မျက် ရတနာလုပ်ငန်းရှင်များအသင်းအနေဖြင့် (၂၀၂၂-၂၀၂၅) ဆဋ္ဌမသက်တမ်းအတွက် အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ ပြန်လည်ရွေးချယ်တင်မြှောက်ရန် (၁၉.၈.၂၀၂၂) ရက်စွဲဖြင့် ကြေညာ၍ စစ်ကောင်စီနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေကြောင်း၊ သို့ဖြစ်ပါ၍ ဆဋ္ဌမသက်တမ်းအတွက် အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းအား အသိအမှတ်မပြုကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ဩဂုတ် ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/3CFz9Dl

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက် (၇ /၂၀၂၂)
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၂) ရက်
၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၃) ရက်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့်ပတ်သက်သည့်ကြေညာချက်

၁။ ပြည်တွင်း/ ပြည်ပလုပ်ငန်းရှင်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ သတ္တု၊ ကျောက်မျက်နှင့် ပုလဲ လုပ်ငန်းရှင်/ ကုမ္ပဏီများအနေဖြင့် အကြမ်းဖက်အာဏာသိမ်းစစ်ကောင်စီနှင့် စီးပွားရေးအပါအဝင် မည်သည့်ကိစ္စရပ်ကိုမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပူးပေါင်းပါဝင် ပတ်သက်ခြင်း မပြုရန် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၇.၄.၂၀၂၁ ရက်စွဲပါ ကြေညာချက် (၁/၂၀၂၁) ဖြင့်လည်းကောင်း၊ ၂၉.၆.၂၀၂၁ ရက်စွဲပါ ကြေညာချက် (၂/၂၀၂၁) ဖြင့်လည်းကောင်း မေတ္တာရပ်ခံ ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

၂။ သို့သော် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် စစ်ကောင်စီ လက်အောက်ခံ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်း၍ ကျောက်မျက်ရတနာပြပွဲများ ကျင်းပပြုလုပ်ခြင်း၊ စီမံကိန်းများရေးဆွဲရာတွင် ပါဝင်ခြင်း စသည့်ကိစ္စရပ်များ လုပ်ဆောင်လျက်ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အနေဖြင့် (၂၀၂၂-၂၀၂၅) ဆဋ္ဌမသက်တမ်းအတွက် အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ ပြန်လည်ရွေးချယ် တင်မြှောက်ရန် (၁၉.၈.၂၀၂၂) ရက်စွဲဖြင့် ကြေညာ၍ စစ်ကောင်စီနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

၃။ အကြမ်းဖက်စစ်ကောင်စီသည် ၎င်းတို့အာဏာရရှိရေးနှင့် ဝင်ငွေရရှိရေးအတွက် ပြည်သူများကို ဖိနှိပ်၍ မတရားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ရပ်ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို လုယူခြင်း၊ ငွေကြေးချမ်းသာကြွယ်ဝသူများကို ပစ်မှတ်ထား အမှုဆင်ဖမ်းဆီးခြင်း၊ ငွေကြေးတောင်းခံခြင်း၊ နေအိမ်ပိုင်ဆိုင်မှုများကို ချိပ်ပိတ်သိမ်းဆည်းခြင်းများ ပြုလုပ်လျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်သည်။ ယခုကဲ့သို့ မိမိတို့ပြည်သူတရပ်လုံး ဒုက္ခပင်လယ်ဝေနေချိန်တွင် တိုင်းပြည့်ရတနာဖြစ်သည့် သူဌေးသူကြွယ်၊ လုပ်ငန်းရှင်ကြီးများအနေဖြင့် ပြည်သူ့ရန်သူစစ်ကောင်စီကို အထောက်အကူမပြုသင့်ဘဲ ပြည်သူနှင့်အတူ ရပ်တည် ရင်ဆိုင်သင့်ချိန်ဖြစ်သည်။

၂

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအား နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်နေသော တရားမဝင်စစ်ကောင်စီကို အထောက်အပံ့ဖြစ်စေမည့် မည်သည့်ပူးပေါင်းမှုကိုမှ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းအနေဖြင့် ဆောင်ရွက်ခြင်း လုံးဝ မပြုလုပ်ရန်နှင့် အသင်း၏ တရားဝင်မှု မရှိသော (၁၉.၈.၂၀၂၂) ကြေညာချက်ပါ ရွေးချယ်ပွဲအား အမျိုးသားညီညွတ်ရေးအစိုးရက အသိအမှတ် မပြုပါကြောင်း အသိပေး ထုတ်ပြန်ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

ပြည်ထဲရေးနှင့်လူဝင်မှုကြီး ကြပ်ရေးဝန်ကြီးဌာန

၅။ SPECIAL OPERATION FORCE (S.O.F) အဖွဲ့အား တောင်ပိုင်းတိုင်းစစ်ဒေသ ကွပ်ကဲရေးအဖွဲ့၏ တိုက်ရိုက်ညွှန်ကြားချက်ဖြင့် လုပ်ဆောင်နေကြောင်း NUG ထုတ်ပြန်

အထူးစစ်ဆင်ရေးတပ်ဖွဲ့ SPECIAL OPERATION FORCE (S.O.F) က အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၏ အထူးတိုက်ခိုက်ရေးနှင့်ချေမှုန်းရေး လက်ရင်းတပ်ဖွဲ့ဖြစ်ပြီး ၂၀၂၁ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနက ဩဂုတ် ၂၂ ရက်တွင် အသိပေးထုတ်ပြန်ခဲ့သည်။

S.O.F တပ်ဖွဲ့ကို တပ်မဟာ ၆၊ တပ်ရင်း ၁၈ နယ်မြေထဲတွင် စတင်လေ့ကျင့်သင်ကြားထားသည့် အထူးကွန်မန်ဒို နှင့် အထူးစနိုက်ပါသမား ၄၄ ဦး ကို အခြေတည်ပြီး စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကာ ပထမဆုံးအထူး သင်တန်းဆင်းချိန်မှာ တပ်ဖွဲ့ဝင်အင်အား ၁၇၀ ဦး ဖြစ်ကြောင်းနှင့် ဆက်လက်ပြီး အထူးသင်တန်းများကို သင်တန်းတစ်ဖြတ်တွင် လူ ၅၀ ဦး ထက်မပိုဘဲ စုဆောင်းလေ့ကျင့်သင်ကြားလျှက်ရှိသည်။ တပ်ဖွဲ့ဝင်များကို တောင်ပိုင်းစစ်ဒေသအတွင်းရှိ ရန်ကုန်၊ ဧရာဝတီနှင့် မွန် မြို့ပြစစ်ဆင်ရေး လုပ်ငန်းများကို တာဝန်ပေးဆောင်ရွက်စေခဲ့ပြီး ကျေးလက်စစ်ဆင်ရေးအနေဖြင့် တနင်္သာရီနှင့်ကရင်ပြည်နယ် တပ်မဟာ အသီးသီးရှိ ရှိရင်းစွဲစစ်ကြောင်းများကိုလည်း ပူးပေါင်းတပ်ဖွဲ့ဝင်များအဖြစ် တာဝန်ပေးဆောင်ရွက်လျှက်ရှိသည်။

https://bit.ly/3KodtNO

စီမံကိန်း၊ ဘဏ္ဍာရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

၆။ အမျိုးသားညီညွတ်ရေးအစိုးရထံ NUGPay ဖြင့် အခွန်ဆောင်နိုင်ပြီဟု NUG ထုတ်ပြန်

အမျိုးသားညီညွတ်ရေးအစိုးရအား အခွန်ဆောင်မည့်သူများအတွက် NUGPay ဖြင့် အခွန်ဆောင်နိုင်ပြီဟု စီမံကိန်း၊ ဘဏ္ဍာရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနက ဩဂုတ် ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/3pLb9Hr

၇။ အာဏာရှင်အဆုံးသတ်နိဂုံး (EOD) စီမံကိန်း၏ အိမ်ယာစီမံကိန်းများကို မကြာမီ စတင်ရောင်းချတော့ မည်ဟု NUG ထုတ်ပြန်ကြေညာ

“နွေဦးရန်ကုန် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်” Spring Yangon Investment ကို အာဏာရှင်အဆုံးသတ်နိဂုံး (EOD) စီမံကိန်း၏ တော်လှန်ရေးရန်ပုံငွေများ ရရှိရန် ရည်ရွယ်သည့် အိမ်ယာစီမံကိန်းများကို မကြာမီ စ တင် ရောင်းချတော့မည်ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ The End of Dictato rship-EOD က ဩဂုတ် ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယင်းစီမံကိန်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နမိတ်အတွင်းရှိ အချက်အခြာကျသည့် ဧကထောင်နှင့်ချီတဲ့ မြေနေရာများ ပါဝင်မည်ဖြစ်ပြီး စီမံကိန်းအမျိုးအစား ၃ ခု ပါဝင်မည်ဖြစ်ကြောင်း စီမံကိန်း ၃ ခုမှာ စိမ်းလန်းနယ်မြေနှင့် နွေဦးတော်လှန်ရေး အထိမ်းအမှတ်များ၊ တော်လှန်ရေးရန်ပုံငွေအိမ်ယာစီမံကိန်းများနှင့် စီးပွါးရေးဆိုင်ရာစီမံကိန်းများ တို့ဖြစ်ကြောင်း ဖော်ပြထားသည်။ https://bit.ly/3Q9pEQ9

၈။ ၁၉၈၂ နိုင်ငံသားဥပဒေတွင် ပြဋ္ဌာန်းထားသော ရိုဟင်ဂျာလူနည်းစုအပေါ် ခွဲခြားမှုများစွာပါဝင်နေသည့် မျိုးစောင့်ဥပဒေအား အမြန်ဆုံးဖျက်သိမ်းနိုင်ရန် လုပ်ဆောင်နေဟု NUG ထုတ်ပြန်ပြောကြား

၁၉၈၂ နိုင်ငံသားဥပဒေတွင်ပြဋ္ဌာန်းထားသော ရိုဟင်ဂျာလူနည်းစုအပေါ်ခွဲခြားမှုများစွာပါဝင်နေသည့် မျိုးစောင့်ဥပဒေအား အမြန်ဆုံးဖျက်သိမ်းနိုင်ရန် လုပ်ဆောင်နေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်ရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက ရိုဟင်ဂျာပြည်သူများအပေါ် ရက်စက်စွာရာဇဝတ်မှုများ ကျူးလွန်ခဲ့သည့်နေ့ (၅)

စာမျက်နှာ (၆) သို့

စာမျက်နှာ (၅) မှ

နှစ်ပြည့် နှစ်ပတ်လည်မိန့်ခွန်းတွင်ထည့်သွင်းပြော ကြားခဲ့သည်။

ဥပဒေတစ်ရပ်အား ပြင်ဆင်ပြောင်းလဲနိုင်ချိန်တွင် အဆိုပါလေ့လာချက်နှင့် သုသေတနတွေ့ရှိချက်များမှာ ဥပဒေမူကြမ်းအတွက် အသုံးဝင်မည်ဖြစ်ကြောင်း ထို့အပြင် ယခင်အစိုးရလက်ထက်ကပြဋ္ဌာန်းထားသည့် မျိုးစောင့်ဥပဒေတွင် ဘာသာမတူသည့် လူမျိုးစု လူနည်းစုများအပေါ်တွင် ရည်ရွယ်ထုတ်ပြန်ထားသည့် ဥပဒေများပါရှိကြောင်း အမျိုးသမီးများအားအကြမ်းဖက်ရန် ခွဲခြားမှုကိုအားပေးသည့်အပိုဒ်များပါဝင်နေကြောင်း ယင်းမျိုးစောင့်ဥပဒေများကို လွှတ်တော်နှင့်ပူးပေါင်းဆောင်ရွက်ကာ အမြန်ဆုံးပယ်ဖျက်သိမ်းနိုင်ရန် လုပ်ဆောင်နေကြောင်း ပြည်ထောင်စုဝန်ကြီးကဆက်လက်ပြောကြားသည်။

အမျိုးသားညီညွတ်ရေးအစိုးရ အနေဖြင့် မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများအပေါ်မှာ ကျူးလွန်ခဲ့တဲ့ အမှုကိစ္စနှင့် ပတ်သက်ပြီး၍ ICJ အပြည်ပြည်ဆိုင်ရာတရားရုံး၏ တရားစီရင်မှုကိုလက်ခံကာ ယင်းဖြစ်စဥ်တွင် အမှုမှန် ပေါ်ပေါက်ဖို့အတွက် ICJ တရရားရုံးနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။ https://bit.ly/3pRLkFI



တစ်ပတ်အတွင်းအစည်းအဝေးနှင့်တွေ့ဆုံပွဲများ

စဥ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
၁။	ဩဂုတ် ၁၉	ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော် ဆောင်မှုဗဟိုကော်မတီနှင့် KPICT တို့ ပထမ အကြိမ်တွေ့ဆုံဆွေးနွေး	တွေ့ဆုံပွဲတွင် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရမည် လုပ်ငန်းစဥ်များအား ဆွေးနွေးခဲ့ကြသည်။	https://bit.ly/3ARMB5H
၂။	ဩဂုတ် ၁၉	ကာကွယ်ရေးဝန်ကြီးဌာန	အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရည်မွန်နှင့်ပတ်သတ်၍ သတင်း အမှားများကို အခြေခံလျက် စွတ်စွဲပြောဆိုသော အသံဖိုင်နှင့်ပတ် သက်၍ထုတ်ပြန်ဖြေရှင်း	https://bit.ly/3QVJDCW